**လက်အောက်ခံ ကုမ္ပဏီ၏ အစုရှယ်ယာ ဝယ်ယူခြင်းနှင့် အစုရှယ်ယာပိုင်ဆိုင်မှုပြောင်းလဲခြင်း ကိစ္စများ ပြီးမြောက်ခြင်း**

ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("**ကုမ္ပဏီ**" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများစုပေါင်း၍ "**ကုမ္ပဏီအုပ်စု**) ဒါရိုက်တာအဖွဲ့သည် ၂၀၁၉ ခုနှစ် ဇွန်လ ၁၇ ရက်၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက် နှင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်တို့တွင် ကုမ္ပဏီမှ ထုတ်ပြန်ခဲ့သောကြေညာချက်များ (စုပေါင်း၍ "**ယခင်ကြေညာချက်များ**" ဟု ရည်ညွှန်းပါမည်) အား ရည်ညွှန်းလျက် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ ဖြစ်သော ရိုးမဘဏ် လီမိတက်၏ အဆိုပြုထားသော အစုရှယ်ယာ ဝယ်ယူခြင်း နှင့် ရှယ်ယာပိုင်ဆိုင်မှု ပြောင်းလဲခြင်း ကိစ္စများ ပြီးမြောက်ပြီ ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဤကြေညာချက်တွင် အသုံးပြုသောစကားရပ်ဝေါဟာရများသည် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါက ကုမ္ပဏီက ထုတ်ပြန်ခဲ့သော ယခင်ကြေညာချက်များပါ စကားရပ်များအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရမည် ဖြစ်သည်။

## ၁။ ရိုးမဘဏ်၏ အစုရှယ်ယာ ဝယ်ယူခြင်းနှင့် အစုရှယ်ယာပိုင်ဆိုင်မှု ပြောင်းလဲခြင်း ကိစ္စများ ပြီးမြောက်ခြင်း

### ၁.၁။ ဆောင်ရွက်ချက် (၁)၊ ဆောင်ရွက်ချက် (၂) နှင့် မတည်ရင်းနှီးငွေ ထပ်တိုးခြင်း ကိစ္စများ ပြီးမြောက်ခြင်း

(က) ယခင်ကြေညာချက်များအရ ဆောင်ရွက်သည့် ဆောင်ရွက်ချက် (၁)၊ ဆောင်ရွက်ချက် (၂) နှင့် မတည်ရင်းနှီးငွေ ထပ်တိုးခြင်းကိစ္စများ ("လုပ်ငန်းစဉ်များ") သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြီးမြောက်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ အသိပေးကြေငြာအပ်ပါသည်။

(ခ) လုပ်ငန်းစဉ်များပြီးမြောက်ပြီးနောက် ရိုးမဘဏ်၏ အစုရှယ်ယာပိုင်ဆိုင်မှုသည် အောက်ပါ အတိုင်းဖြစ်ပါသည်။

| အစုရှယ်ယာရှင် | လုပ်ငန်းစဉ်များ ပြီးမြောက်သည့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရိုးမဘဏ်၏ အစုရှယ်ယာ ပိုင်ဆိုင်မှု |
|---|---|
| ကုမ္ပဏီ | ၆၁.၉၉% |
| Yangon Land Company Limited | - |
| International Finance Corporation ("IFC") | ၄.၄၈% |
| GIC | ၁၉.၆၆% |
| Norfund | ၁၀.၅၅% |
| မြန်မာနိုင်ငံသား ပုဂ္ဂလိက ရင်းနှီးမြှပ်နှံသူ | ၃.၃၂% |

(ဂ) ဆောင်ရွက်ချက် (၂) အရ ရှယ်ယာအလဲအထပ်ပြုလုပ်ရေးသဘောတူစာချုပ်နှင့် နောက်ဆက်တွဲပြင်ဆင်မှု စာချုပ်တို့အရ ကုမ္ပဏီမှ ရယူသည့် ရိုးမဘဏ် အစုရှယ်ယာ ၆၅၁,၉၅၂ စုအတွက် Yangon Land သို့

ထုတ်ပေးမည့် ကုမ္ပဏီ၏ အစုရှယ်ယာများအား ရုံးလုပ်ငန်းကိစ္စရပ်များဆောင်ရွက်ပြီးချိန်တွင် Yangon Land ၏ ဆန္ဒနှင့်အညီ အောက်ပါအတိုင်း ထုတ်ဝေပေးမည်ဖြစ်ပါသည်။

| **FMI အစုရှယ်ယာများအား လက်ခံရရှိမည့် အဖွဲ့အစည်းများ** | **ရှယ်ယာ အလဲအထပ် ပြုလုပ်ခြင်းအတွက် ထုတ်ဝေပေးသည့် FMI ရှယ်ယာများ** |
|---|---|
| Yangon Land | ၁,၅၄၆,၉၄၇ |
| 001 Offshore Shares Limited[1] | ၄,၄၅၀,၀၀၀ |
| စုစုပေါင်း | ၅,၉၉၆,၉၄၇ |

(ဃ) အထက်ပါ အပိုဒ် (ဂ) နှင့်အညီ ကုမ္ပဏီ၏ အစုရှယ်ယာများကို ထုတ်ဝေပြီးသောအခါ ကုမ္ပဏီ၏ ထုတ်ဝေပြီးသော အစုရှယ်ယာ အရေအတွက်နှင့် မတည်ရင်းနှီးငွေတို့မှာ အောက်ပါ အတိုင်း ဖြစ်သည် -

| | **၂၀၂၀ မတ်လ ၃၁ ရက်ရှိ အနေအထား** | **၂၀၂၀ စက်တင်ဘာ ၃၀ ရက်ရှိ အနေအထား** |
|---|---|---|
| ထုတ်ဝေပြီး အစုရှယ်ယာအရေအတွက် | ၂၇,၁၁၂,၇၄၇ | ၃၃,၁၀၉,၆၉၄ |
| မတည်ရင်းနှီးငွေ (ကျပ်ထောင်ပေါင်း) | ၉၃,၇၆၂,၀၅၅ | ၁၈၂,၅၁၆,၈၇၁ |

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်။

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

[1] 001 Offshore Shares Limited သည် ဟောင်ကောင်အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး Yangon Land ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။